သတင်းထုတ်ပြန်ချက်　　　　　　　　　　　　　　　　　　　　　　　၃၀-၀၅-၂၀၁၄

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ရက်(SYCB) မှ ၂၈-၂၉ မေလ ၂၀၁၄ ခုနှစ်တွင်ကမကထပြု စီစဉ်ဆောင်ရွက်သောပဉ္စမအကြိမ်မြောက်ဒေသတွင်းဆိုင်ရာကျောင်းသားများနှင့်တိုင်းရင်းသားလူငယ် များတွေ့ဆုံနီးနောဖလှယ်ပွဲတွင် ပြည်တွင်းငြိမ်းချမ်းရေး၊မဟာစီမံကိန်းများ၊ပညာရေး၊ဖွဲ့စည်းပုံအခြေခံ ဥပဒေကိစ္စရပ်များနှင့်ပတ်သက်၍ လက်ရှိအခြေအနေနှင့်၊ မိမိတို့အဖွဲ့အစည်းများ၏အမြင်သဘော ထားများ၊ လုပ်ငန်းစဉ်များကို ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။ ထို့နောက် အနာဂတ်တွင် မိမိအဖွဲ့အစည်းများ၏ မူဝါဒများနှင့်အညီ လက်တွဲဆောင်ရွက်သွားရန် သဘောတူညီပါသည်။

၁။ ပြည်တွင်းငြိမ်းချမ်းရေး နှင့်ပတ်သက်၍

(က) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင်အလွှာပေါင်းစုံမှ ပြည်သူများ၊ အရပ်ဖက်အဖွဲ့အစည်းများ (Stakeholders) ပူးပေါင်းပါဝင်ခွင့်ရရှိရန်

(ခ) တန်းတူညီမျှမှုနှင့်တရားမျှတမှုကိုအာမခံနိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ် ပေါ်ပေါက်လာရေးအတွက် သမာသမတ်ကျကျစေ့စပ်ညှိနှိုင်းပေးနိုင်သောအဖွဲ့အစည်းများ၊ လေ့လာသူများ၊ စောင့်ကြည့်ကြပ်မတ် သူများသည် ငြိမ်းချမ်းရေးဖြစ်စဉ်၏ သက်ဆိုင်ရာအဆင့်ဆင့်တိုင်းတွင် ပါဝင်ခွင့်ရရှိရန်

(ဂ) ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ဖယ်ဒရယ်စနစ်ဖြစ်ပေါ်လာရေးကို ရှေးရှု၍ ဆွေးနွေးမှုများကို ရိုးသား စွာပြုလုပ်ရန်

(ဃ) ပြည်တွင်းစစ်ပြဿနာရပ်များကို နိုင်ငံရေးအရ ငြိမ်းချမ်းစွာဖြေရှင်းရန်

၂။ ပညာရေး နှင့်ပတ်သက်၍

(က) ဒီမိုကရေစီပညာရေးစနစ်ပေါ်ပေါက်ရေးအတွက် ဒေသအလိုက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်သွားရန်

(ခ) ပြည်သူ့လွှတ်တော်ကအတည်ပြုထားသော အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ကို တစ်နိုင်ငံလုံးရှိ ကျောင်းသားလူငယ်များချိတ်ဆက်၍ ကန့်ကွက်လှုပ်ရှားမှုများ ပြုလုပ်သွားရန်

(ဂ) အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အပံ့ဖြစ်စေနိုင်သည့် သင်ရိုးညွှန်းတမ်းများ ဖြစ်ပေါ် လာစေရန်

၃။ မဟာစီမံကိန်းများနှင့် ပတ်သက်၍

(က) လူထုအကျိုးကို ကာကွယ်နိုင်ပြီး လူထုအတွက် အာမခံချက်ရှိသည့် တိကျမှန်ကန်သောရင်းနှီး မြှုပ်နှံမှု ဥပဒေဖြစ်ပေါ်လာရန်

(ခ) ဒေသခံ အခြေပြု စောင့်ကြည့်ရေးအဖွဲ့များဖြစ်ပေါ်လာရန်

(ဂ) လက်ရှိအကောင်အထည်ဖော်ပြီးသော မဟာစီမံကိန်းများကို ပြန်လည်သုံးသပ်ရန်

(ဃ) စီမံကိန်းသက်ရောက်မှုရှိသော ဒေသခံများအား နိုင်ငံတကာစံနှုန်းများအတိုင်း ထိုက်တန်သော လျော်ကြေး နစ်နာကြေး၊ အနာဂတ်ဘဝအာမခံချက်များရရှိရေး တောင်းဆိုမှုများပြုလုပ်သွားရန်

(င) သိမ်းဆည်းထားသောမြေယာများပြန်လည်ပေးအပ်ရန်အပြင် ၎င်းတို့၏လိုအပ်သောအသုံးစားရိတ် များအားထပ်မံထောက်ပံ့ပေးရန်

(စ) ဒေသခံ၊ ဥပဒေပညာရှင်၊ CSOs ၊ Media နှင့် နိုင်ငံရေးပါတီများ ပူးပေါင်းဆောင်ရွက်မှုအား ပိုမို ကောင်းမွန်လာရန်

(ဆ) EIA / SIA သုတေသန တွေ့ရှိချက်များအား ဒေသခံများ အလွယ်တကူနားလည်နိုင်သောနည်း လမ်းများဖြင့် အသိပေးဖြန့်ဝေရန်

(ဇ) စီမံကိန်းများ စတင်ဆောင်ရွက်ခြင်းမပြုမီ စီမံကိန်းသက်ရောက်မှုရှိမည့် ဒေသခံများ၏ သဘော တူညီမှုရယူရာတွင် ဒေသခံများ၏ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်၊ ကြိုတင်ညှိနှိုင်းမှုများပြုလုပ်ခွင့်နှင့် သတင်းအချက်အလက်များရရှိခွင့် (Free, Prior and Informed Consent)အပေါ်အခြေခံရန်

(ဈ) မဟာစီမံကိန်းများဆောင်ရွက်ရာတွင် CSOs, Local Community များ၏ သုံးသပ်မှုများ၊ စီမံကိန်း သက်ရောက်မှုရှိသည့် ဒေသခံများ ဆုံးဖြတ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်ရန်

(ည) Social Safety Net of Finance များထားရှိရန်

(ဋ) စီမံကိန်းများ လုပ်ဆောင်မှုအဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုတာဝန်ခံမှုရှိရန်

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန်

(ခ) ဒီမိုကရေစီအင်အားစုများနှင့် ပူးပေါင်း၍ ကျောင်းသားလူငယ်များကြား ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အသိပညာပေး လှုံ့ဆော်မှုများ ပြုလုပ်သွားရန်

(ဂ) ကျောင်းသားလူငယ်များမှတဆင့် ပြည်သူလူထုကြားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အသိပညာပေးနှိုးဆော်မှုများ ပြုလုပ်ရန်

(ဃ) ဒီမိုကရေစီအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအင်အားစုများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ အလုပ်သမားများ၊ လယ်သမားများ၊ အမျိုးသမီးများ အစရှိသည့် လူထုများအကြား အခြေခံဥပဒေပြင်ဆင်ရေး ပူးတွဲလှုပ်ရှားမှုများ ဖော်ဆောင်ရန်

(င) နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရများသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အတွက် ပိုမိုဖိအားပေးရေး တိုက်တွန်းလှုံ့ဆော်သွားရန်

(စ) ပင်လုံညီလာခံကဲ့သို့ ပြည်ထောင်စုညီလာခံကြီးတရပ်ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ရေးအတွက် တိုက်တွန်းတောင်းဆိုရန်

အထက်ပါ တွေ့ဆုံနီးနောဖလှယ်ပွဲသို့ အောက်ပါအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

(၁) တိုးတက်သော မွန်လူငယ်များ အစည်းအရုံး

(၂) မွန်လူငယ်ဖိုရမ်

(၃) သဘာဝသယံဇာတ ထုတ်ယူသုံးစွဲရေးအပေါ် စီမံခန့်ခွဲရေးအဖွဲ့

(၄) တအာင်းကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

(၅) ကူကီးကျောင်းသား ဒီမိုကရက်တစ်တပ်ဦး

(၆) ဖိုမီး ကျောင်းသားလူငယ်များ အဖွဲ့အစည်း

(၇) မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများအဖွဲ့

(၈) ထားဝယ်လူငယ်များအစည်းအရုံး

(၉) ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဖြစ်မြောက်ရေးကော်မတီ)

(၁၀) Generation Wave

(၁၁) ပလောင်အမျိုးသမီးအစည်းအရုံး

(၁၂) ကယန်းမျိုးဆက်သစ်လူငယ်

(၁၃) ကချင်တမျိုးသားလုံးဆိုင်ရာ ကျောင်းသားလူငယ်များသမဂ္ဂ

(၁၄) မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး

(၁၅) လူ့ဘောင်သစ်လူငယ်

(၁၆) အမျိုးသမီးကြယ်စင်တန်း (Women Galaxy)

(၁၇) ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗဟိုလုပ်ငန်းကော်မတီ)

(၁၈) National Youth Congress

(၁၉) နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကျောင်းသားများသမဂ္ဂ

(၂၀) သံဖြူဇရပ်မြို့နယ် မွန်လူငယ်အဖွဲ့

(၂၁) မွန်လူငယ်ပညာပေးအဖွဲ့

(၂၂) ဖိုမီးကျောင်းသားများအသင်း (တက္ကသိုလ်များ မြန်မာပြည်)

(၂၃) ချင်းတောင် သဘာဝသယံဇာတ စောင့်ကြည့်ရေးအဖွဲ့

(၂၄) ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး

(၂၅) ပအိုဝ်းလူငယ်အစည်းအရုံး

(၂၆) Ethnic Community Development Forum

ဆက်သွယ်ရန်။ ။

(၁) မိမရမူ (၀၉၃၁၄၀၇၈၅၀)

(၂) မဖြိုးဖြိုးအောင် (၀၉၄၃၁၆၅၈၄၆)

(၃) ကိုနော်ဆန်း (၀၉၂၅၅၇၂၆၁၇၅)